
COVID-19 ဆိုင်ရာသတင်း No.8 ဇွန်လ(၁၁)ရက်၂၀၂၀-ခုနှစ်


## 1． ကမ္ဘာ့နိုင်ငံများနှင့်ဂျပန်နိုင်ငံ၏ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှုအခြေအနေ

ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသောလူနာသစ်အရေအတွက် （WHO၏အစီရင်ခံစာမှ) မေလ(၃၁)ရက်





- ဥရောပနိုင်ငံများတွင်ကူးစက်ရောဂါသည်အနည်းငယ်ကျဆင်းလျှက်ရှိသော်လည်းကမ္ဘာတဝှမ်းတွင်ရောဂါကူးစက်ခံရသူဦးရေမှာတိုးပွားနေဆဲဖြစ်သည်။အမေရိကန်နိုင်ငံတွင်လည်းကူးစက်မှုရာခိုင်နှုန်းလျော့ပါးလာပြီဖြစ်သော်လည်းရောဂါကူးစက်ခံရသူဦးရေမှာတိုးပွားလျှက်ရှိသည်။ရုရှား၊ ဘရာဇီး၊အိန္ဒိယ
နိုင်ငံများတွင်ကူးစက်ပြန့်နှံ့မှုများစတင်နေပြီဖြစ်သည်။ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံအပါ အဝင်
တောင်အာရှဒေသနှင့် တောင်အမေရိကနိုင်ငံများတွင်စတင်ကူးစက်ပြန့်ပွားလျှက်ရှိပါသည်။
မြေထဲပင်လယ်ပတ်ဝန်းကျင်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများ (ဆော်ဒီအာရေဗျ၊
ကူဝိတ်နိုင်ငံ အစရှိသည်တို့) တွင်လည်းကူးစက်မှုတိုးပွားများပြားနေပါသည်။ အရှေ့အလယ်ပိုင်းဒေသ
တွင်နေထိုင်မှုအခြေအနေဆိုးဝါးသောအခြေအနေတွင်ရှိနိုင်ငံခြားသားအလုပ်ကြမ်းသမားများအကြားတွင်ကူးစက်မှုလျင်မြန်များပြားသည်။
- ဥရောပနိုင်ငံများနှင့်အမေရိကန်နိုင်ငံတွင်အသွားအလာကန့်သတ်ခြင်းအားပယ်ဖျက်ပြီးနွေရာသီအားလပ်ရက်အတွက်ရည်ရွယ်၍ခရီးသွားလာလည်ပတ်နိုင်သည့်နေရာများအားပိတ်ပင်ကန့်သတ်ရာမှပယ်ဖျက်ခြင်းများပြုလုပ်နေသဖြင့်ရောဂါကူးစက်ပြန့်ပွားမှုပြန်လည်ဖြစ်ပေါ် နိုင်သည့်အလားအလာရှိနေပါ
သည်။
- အရှေ့တောင်အာရှဒေသတွင်ကူးစက်မှုဆက်လက်လျော့ပါးလျှက်ရှိသည်။

ဂျပန်နိုင်ငံ၏ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသောလူနာသစ်အရေအတွက် (အလုပ်သမားနှင့်ကျန်းမာရေး ဝန်ကြီးဌာန မေလ (၂၅) ရက်




ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသောလူနာသစ်အရေအတွက် (တိုကျိုမြို့၏အစီရင်ခံစာ မေလ ၃၁-ရက်)




- မေလ(၂၅)ရက်နေ့တွင်တနိုင်ငံလုံးတွင်အရေးပေါ်အခြေအနေကြေငြာချက်အားရုပ်သိမ်းခဲ့သော်လည်း အေဟိမေ၊ ဟော့ကိုင်းဒိုး၊ ခိတကျူးရှူးမြို့ များရှိဆေးဘက်ဆိုင်ရာဌာနများတွင်အစုလိုက်အပြုံလိုက်ကူးစက်ပြန့်ပွားခြင်း (cluster) များဖြစ်ပေါ်လျှက်ဖြစ်သည်။
- နိုင်ငံရပ်ခြားမှဝင်ရောက်လာသူများတွင်ရောဂါပိုးကူးစက်သယ်ဆောင်သူဦးရေတိုးပွားလျှက်ရှိနေပြီးပိုးကူးစက်ခံနေရသည်ကိုစစ်ဆေးတွေ့ရှိပါက(၁၄)ရက်ကြာသီးသန့်ခွဲခြားနေထိုင်ရမည့်ကာလကိုသတ်မှတ်ထားပါသည်။
- တိုကျိုမြို့တွင်ကူးစက်ခံရသူဦးရေနည်းပါးလာနေရာမှအနည်းငယ်တိုးပွားလာသည့်အခြေအနေတွင်ရှိနေပါသည်။

## ၂. ရောဂါပြင်းထန်မှုမရှိသူများပြန်လည်၍နေ့စဥ်ပုံမှန်နေထိုင်လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍

- ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရပြီးနားနေစခန်းများ၊ နေအိမ်များတွင်ခွဲခြားနေခဲ့ကြသောရောဂါပြင်းထန်မှုမရှိသူများကလုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်နိုင်ရန်အတွက်(၁၄) ရက်ကြာသီးသန့်ခွဲခြားနေထိုင်သည့်ကာလကုန်လွန်ပြီးနောက်ကျန်းမာရေးဌာန၏ဆုံးဖြတ်ချက်ကိုရယူရန်လိုအပ်ပါသည်။ထို့အပြင်ပိုးကူးစက်ခံရသူများသည်ဥပဒေအရအချိန်ကာလအတိုင်းအတာတခုအတွင်းလုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်နိုင်မည်မဟုတ်ပေ။
- အအေးမိခြင်း၊ကိုယ်ပူခြင်းအစရှိသောရောဂါလက္ခဏာများရှိသော်လည်းကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသည်ဟုစစ်ဆေးတွေ့ရှိခြင်းမရှိပါကလုပ်ငန်းခွင်သို့ရောဂါလက္ခဏာပြပြီးရှစ်ရက်အကြာတွင်ပြန်လည်ဝင်ရောက်နိုင်ပြီးဆေးဝါးကုသမှုခံယူခြင်းမရှိပဲရောဂါလက္ခဏာပျောက်ကင်းခဲ့ပါကသုံးရက်ကြာပြီးနောက်လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်နိုင်ပါသည်။ (ဂျပန်ကုန်ထုတ်၊သန့်ရှင်းသုတေသနအဖွဲ့)
- လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်လာသူကိုလုပ်ငန်းခွင်မှနွေးထွေးစွာကြိုဆိုရန်လိုအပ်ပါသည်။
- လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်မည့်သူအတွက်နားနေနိုင်သည့်အခြေအနေဖန်တီးပေးရန်လိုအပ်ပါသည်။ ကျန်းမာရေးဌာနနှင့်ပြုစုစောင့်ရှောက်သည့်ဂေဟာများတွင်အသုံးပြုသူများလုံခြုံစိတ်ချဘေးကင်းစေရန်ဝန်ထမ်းများအား「ဗိုင်းရပ်စ်ပိုးကင်းရှင်းကြောင်းထောက်ခံစာထုတ်ပေးစေချင်သည်」ဟုစဥ်းစားကောင်းစဥ်းစားမည်ဖြစ်သော်လည်း「လူတိုင်းကူးစက်ခံနေရနိုင်သည်」「မည်သူမဆိုမသိလိုက်ပဲသူတပါးအားကူးစက်မိစေနိုင်သည်」ဟုစဥ်းစားရန်အရေးကြီးပါသည်။နေထိုင်မကောင်းသောဝန်ထမ်းအားအလုပ်မှအနားယူနိုင်စေရန်စီစဥ်ပေးရန်လိုအပ်သည်။ထိုမှသာလုပ်ငန်းခွင်အတွင်းကူးစက်မှုမှကာကွယ်နိုင်မည်ဖြစ်သည်။
- ဝန်ထမ်းထံမှ「ဗိုင်းရပ်စ်ပိုးကင်းရှင်းကြောင်းထောက်ခံစာ」 ကိုမတောင်းခံရန်အရေးကြီးပါသည်။ဆေးကုသသည့်ဌာနနှင့်ကျန်းမာရေးဌာနများသည်ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်းမှလိုအပ်သည်ဟုသတ်မှတ်သောသူများအတွက်ကုသဆောင်ရွက်ပေးသောနေရာများဖြစ်ပြီးအလုပ်သမား၊ဝန်ထမ်းများမှ「ဗိုင်းရပ်စ်ပိုးကင်းရှင်းကြောင်းထောက်ခံစာ」ရယူနိုင်ရန်အတွက်တိုင်ပင်၊ပြသရမည့်နေရာမဟုတ်ပါ။
- မိမိ၏နေအိမ်တွင်စစ်ဆေးနိုင်သောကိရိယာများ၏လုပ်ဆောင်ချက်မှာစိတ်ချရခြင်းမရှိသည်ကိုသိရှိထားရန်လိုအပ်သည်။ကမ္ဘာ့နိုင်ငံအသီးသီးတွင်လွယ်ကူစွာစစ်ဆေးနိုင်သောကိရိယာများရောင်းချလျှက်ရှိပြီးဂျပန်နိုင်ငံတွင်လည်းကြော်ငြာလျှက်ရှိသော်လည်းလက်ရှိအခြေအနေတွင်ဆေးရုံများတွင်စစ်ဆေးလျှက်ရှိသော PCR စစ်ဆေးခြင်းကဲ့သို့တိကျသောအဖြေရရှိခြင်းမရှိပဲ မလွဲသာ၍အသုံးပြုနေသောဆေးခန်းများရှိဆရာဝန်များသည်လည်းတာဝန်ခံယူနိုင်မှုမရှိသောကြောင့်ဆွေးနွေးတိုင်ပင်လာပါကဖြေရှင်းပေးနိုင်ရန်မလွယ်ကူပါ။

ကိုးကား - https://note.stopcovid19.jp/n/n74204fb1d5f1

ကိုရိုနာဗိုင်းရပ်ပ်ပိုးအထူးလေ့လာသူများအဖွဲ့အစည်း။

ယခုအများအားအသိပေးချင်သောအရာ8#လုပ်ငန်းခွင်သို့ပြန်လည်ဖို့ပြင်ဆင်နိုင်ရန်

「ရောဂါပြင်းထန်မှုမရှိသူများပြန်လည်၍နေ့စဉ်ဘဝနှင့်လုပ်ငန်းခွင်သို့ပြန်လာသောအခါ」

## 3. နိုင်ငံခြားသားများသည်လည်းအထူးပံ့ပိုးပေးအပ်ငွေကိုရယူနိုင်ခြင်းရှိ/မရှိ

- ဂျပန်နိုင်ငံအစိုးရအဖွဲ့မှဧပြီလ ၂၀-ရက် ၂၀၂၀-ခုနှစ်တွင် 「ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ရောဂါဆိုင်ရာစီးပွားရေးလုပ်ဆောင်ချက်」 ဆုံးဖြတ်ချမှတ်၍ကူးစက်မှုကျယ်ပြန့်မှုမရှိစေရန်နှင့်စားဝတ်နေရေးအတွက်လျင်မြန်တိကျစွာအထောက်အကူဖြစ်စေရန်ရည်ရွယ်၍အထူးပံ့ပိုးငွေပေးအပ်ရန်ဆုံးဖြတ်ခဲ့သည်။
- ဤအထူးပံ့ပိုးပေးသောယန်းငွေတသိန်းအားလက်ခံရယူနိုင်သူများမှာသတ်မှတ်ထားသောနေ့ရက်တွင်နေထိုင်သူအခြေခံနေထိုင်ခွင့်မှတ်ပုံတင် (juumin kihon daicho)တွင်စာရင်းဝင်သူဖြစ်ပြီး ဂျပန်နိုင်ငံသားမဟုတ်သော်လည်းသတ်မှတ်ထားသောနေ့ရက်တွင်နေထိုင်သူအခြေခံနေထိုင်ခွင့်မှတ်ပုံတင်(juumin kihon daicho)တွင်စာရင်းဝင်ပါကအထူးပံ့ပိုးငွေအားလက်ခံရယူနိုင်မည်ဖြစ်သည်။
- အခြေခံနေထိုင်ခွင့်မှတ်ပုံတင်(juumin kihon daicho)ဆိုသည်မှာနေထိုင်သူ၏အမည်၊မွေးသက္ကရာဇ်၊လိင်အမျိုးအစား၊ နေရပ်လိပ်စာများအားရေးသွင်းထားသောနေထိုင်ခွင့်လက်မှတ်(juuminhyo)အားအခြေခံ၍မှတ်တမ်းရယူထားသောစာရင်းဖြစ်သည်။နိုင်ငံခြားသားများသည်ဂျပန်နိုင်ငံသို့လာရောက်ကာစအချိန်များနှင့်မတူသောဒေသသို့အိမ်ပြောင်းရွှေ့သောအခါများတွင်ဇိုင်းလျူးကတ်ကိုင်ဆောင်ခွင့်ရရှိသူဖြစ်ခဲ့ပါကသက်ဆိုင်ရာဒေသရှိရပ်ကွက်ရုံးများတွင်သတင်းပေးပို့ရန်ဥပဒေထုတ်ပြန်ထားသည်။
- အလည်အပတ်နှင့်စီးပွားရေးလုပ်ငန်းဗီဇာဖြင့်ဂျပန်နိုင်ငံသို့လာရောက်၊နေထိုင်သူများအစရှိသောကာလတိုနေထိုင်သူများ၊ ဂျပန်နိုင်ငံတွင်နေထိုင်ခွင့်မရှိပဲကျန်ရစ်နေထိုင်သူများသည်နေထိုင်သူအခြေခံမှတ်ပုံတင်စာရင်းတွင်စာရင်းတင်ထားခြင်းမရှိသောကြောင့်အထူးပံ့ပိုးငွေကိုလက်ခံရယူနိုင်မည်မဟုတ်ပေ။
- ဧပြီလ (၂၇ ) ရက်နေ့တွင်နေထိုင်သူအခြေခံမှတ်ပုံတင်စာရင်းတွင်စာရင်းဝင်ထားသူဖြစ်ပါကလက်ခံရယူနိုင်မည်ဖြစ်ပါသည်။
- ဧပြီလ (၂၇) ရက်နေ့တွင်နေထိုင်သူအခြေခံမှတ်ပုံတင်စာရင်းတွင်စာရင်းမဝင်ထားသောနိုင်ငံခြားသားများအနက်နိုင်ငံသို့ပြန်ရန်အခက်အခဲရှိသောအလုပ်သင်သင်တန်းသားဟောင်းများ၊ပညာသင်ကျောင်းသားဟောင်းများနှ

င့်ဒုက္ခသည်အဖြစ်လျှောက်ထားဆဲသူများ၏ကလေးများလည်းအထူးပံ့ပိုးငွေကိုလက်ခံရယူနိုင်သည်ကိုမေလ (၁၉) ရက်နေ့တွင်ထုတ်ပြန်ကြေငြာခဲ့သည်။ အလုပ်သင်သင်တန်းသားနှင့်ပညာသင်ကျောင်းသားများ အနက် 「တန်းကိတိုင်းဇိုင်」 နှင့် 「တိုခုတေးကဆုဒို (၃)လ」 ကြာနေထိုင်ခွင့်ကိုရရှိထားသူများသည် 「တိုခုတေး ကဆုဒို (၆)လ」 သို့နေထိုင်ခွင့်ကိုပြောင်းလဲလျှောက်ထားပြီးနေထိုင်သူအခြေခံမှတ်ပုံတင်စာရင်းတွင်စာရင်းဝင် ထားရန်လိုအပ်ပါသည်။

(ကိုးကား - ijuuren https://migrants.jp/news/office/20200520.html)。

- သက်ဆိုင်ရာဒေသတာဝန်ခံရုံးမှလက်ခံရရှိနိုင်မည့်သူထံစာတိုက်မှပေးပို့လာသောလျှောက်လွှာတွင်ငွေလက်ခံရယူမည့်ငွေစာရင်းဆိုင်ရာအချက်အလက်ကိုဖြည့်သွင်းရေးသားပြီးငွေစာရင်းစစ်ဆေးရန်အထောက်အထားကော်ပီနှင့်လူကိုယ်တိုင်ဖြစ်ကြောင်းစစ်ဆေးရန်စာရွက်စာတမ်းကော်ပီတို့ကိုသက်ဆိုင်ရာဒေသတာဝန်ခံရုံးသို့စာတိုက်မှပေးပို့ သောနည်းနှင့်မိုင်နမ်ဘာကတ်ကို ကိုင်ဆောင်ထားသူများကအင်တာနက်တွင်လိုအပ်သော အချက်အလက်နှင့်လက်ခံရယူမည့်ငွေစာရင်းများကိုဖြည့်သွင်းရေးသားပြီးလိုအပ်သောအထောက်အထားများကိုပူးတွဲတင်ပြ၍လျှောက်ထားရယူနိုင်ပါသည်။

(ကိုးကား ： အထွေထွေအုပ်ချုပ်ရေးဝန်ကြီးဌာန)

Tamotsu Nakasa SHARE၏ပူးတွဲဥက္ကဌ MD



新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

(公財) ウエスレー財団
Wesley Foundation
支援企業

Information of COVID-19 No.8　2020/6/11


## １．世界と日本の新型コロナウイルス感染症状況

新型コロナウイルスウイルス感染症新規陽性者数　（WHO レポートより）5 月 31 日





- ヨーロッパにおける流行はやや下火になりつつありあるが、世界の累積の COVID-19 陽性者数は、継続して増加している。米国の増加率は減少しているものの感染者数は増加傾向、ロシア、ブラジル、インドでの感染拡大が始まっている。パキスタン、バングラデシュを含む南アジア地域、南米での流行がはじまり、地中海沿岸、中東の国々（サウジアラビア、クウェートなど）でも増加している。中東地域の流行拡大は、外国人労働者として、劣悪な住居状況にいる人たちの間での流行である。
- ヨーロッパや米国におけるロックアウトの解除、夏のバカンスにむけての観光地も開かれることとなり、感染の再拡大の可能性もある。
- 東南アジア地域では減少状況が継続している。

日本の新型コロナウイルス感染症の新規陽性者数（厚生労働省、5 月 25 日）




新型コロナウイルス感染症新規陽性患者数（東京都のレポートより 5 月 31 日）




- 5 月 25 日、全国で緊急事態宣言が解除されたものの、愛媛、北海道、北九州市などの医療施設でのクラスターが発生している。
- 外国からの入国者の陽性例が増加してきている。陽性者には、14 日間の隔離期間を設けている。
- 東京都の発生数も減少傾向から、多少の増加傾向にある。

## 2．軽症者の社会復帰について

- 新型コロナに感染し、宿泊施設や自宅で療養した軽症者の職場復帰は、14 日療養後に医療保健関係者の判断が必要となる。また、新型コロナに感染した方は、法律により一定期間の就業が制限されている。
- 発熱や風邪などの症状があったものの、新型コロナと診断されなかった方の職場復帰の目安は、症状が出てから 8 日後であること、かつ、薬なしで症状がなくなってから 3 日後である。

（日本産業衛生学会）

- 職場復帰者を会社はあたたかく、迎える必要がある。
- 復帰者の休める体制作りをする必要がある。保育所や介護施設などでは、利用者の安心・安全のために、従業員に「陰性の証明を出してほしい！」と思うこともあるかもしれないが、「誰もが感染しているかも」「誰もが気づかないうちに感染させているかも」と考えることが大切である。体調不良の従業員は、働かせず、休ませることが必要であり、それが職場での感染拡大防止につながる。
- 「陰性の証明」の提出を従業員に求めない事が重要である。医療機関や保健所は、医師や保健師が必要と判断した患者さんの対応をする場所であり、従業員が「陰性の証明」のために相談・受診する場所ではない。
- 自宅で受けられる検査キットの精度は不十分であることを認識する必要がある。世界各国で、簡易的な検査キットが販売され、日本でも宣伝されているが、現時点では、病院で受ける PCR 検査と同じくらいの精度での結果は得られず、かかりつけ医は検査キットの質には責任をもてないので、相談をしても十分に対応することは難しい。

参照：https://note.stopcovid19.jp/n/n74204fb1d5f1
コロナ専門家有志の会　今、拡散してほしいこと ８　＃復帰に備えよう「軽症者が日常生活や職場に戻るとき」

**３．外国人は特別定額給付金（給付金）をもらえるか**

- 2020 年 4 月 20 日、「新型コロナウイルス感染症緊急経済対策」が政府で閣議決定され、感染拡大防止に留意しつつ、簡素な仕組みで迅速かつ的確に家計への支援を行うため、特別定額給付金事業が実施されることになった。
- この１０万円給付金の給付対象者は、基準日において住民基本台帳に記録されている者であり、日本国籍を有しない外国人であっても、基準日に住民基本台帳に記録されていれば給付を受けることが可能である。
- 住民基本台帳とは、住民の氏名、生年月日、性別、住所などが記載された住民票を編成したもので、住民の方々に関する事務処理の基礎となるものである。外国人は、新たに日本に入国する際や、市区町村へ引っ越しをする際に、「在留カード」を持っているのであれば、住まいの市区町村に転入の届出を行う義務がある。
- 観光やビジネスのためのビザで日本に入国、滞在している短期滞在者、また、在留資格を持たずに日本に滞在している超過滞在者は、住民基本台帳に記録されていないため、給付金の対象とならない。
- 基準日である４月２７日に、住民基本台帳に記録されている外国人であれば、給付対象となる。
- ４月 27 日の基準日に住民基本台帳に登録されていない外国人のうち、帰国困難な状態に置かれている（元）技能実習生、（元）留学生、また、難民申請者の子どもについても、特別定額給付対象とするとの発表があった（5 月 19 日）。技能実習生や留学生で「短期滞在」や「特定活動（３カ月）」の在留資格の人は、「特定活動（６カ月）」への在留資格変更許可申請を行い、

住民基本台帳への登録が必要となる。

（参照：移住連 https://migrants.jp/news/office/20200520.html）。

・　市区町村から受給権者宛てに郵送された申請書に振込先口座を記入し、振込先口座の確認書類と本人確認書類の写しとともに市区町村に郵送するか、マイナンバーカード所持者がマイナポータルから振込先口座を入力した上で、振込先口座の確認書類をアップロードし、電子申請することにより、申請できる。

（参照：総務省）

Tamotsu　Nakasa　シェア共同代表　MD